ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၀)

(Village Development Project)

နမ့်ပေါင်ကျေးရွာအုပ်စု၊ နမ့်ပေါင်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နမ့်ပေါင် ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	နမ့်ပေါင်ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	နမ့်ပေါင်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	နမ့်ပေါင်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နမ့်ပေါင်ကျေးရွာ
လားရှိုးမြို့နယ်

နမ့်ပေါင်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



နမ့်ပေါင်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



နမ့်ပေါင်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လား:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

နမ့်ပေါင်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်အတွင်း၌ တည်ရှိပါသည်။ လားရှိုးမြို့၏ တောင်ဘက်တွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်းမှာ(၁) စတုရန်းမိုင် ရှိပါသည်။ လားရှိုးမြို့နှင့်(၂၇)မိုင် အကွာအဝေးခန့်တွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် ကုန်းပေါင်း+ နားကျိုင်းကျေးရွာ၊ မြောက်ဘက်တွင် ဆွတ်လောင်း+ပိန်းဟုန်းကျေးရွာ၊ တောင်ဘက်တွင် မိုင်းတင်း ကျေးရွာ၊ အနောက်ဘက်တွင် ရောင်ရုန်းကျေးရွာတို့နှင့် နယ်နမိတ်ချင်း ထိစပ်လျက် ရှိပါသည်။ ရွာ၏ အလယ်တွင် နမ့်ပေါင်ချောင်းစီးဆင်းလျက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့်များ ဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၅၀)ဧက၊ ယာမြေ/တောင်ယာမြေ(၃၈၅)ဧက၊ ဥယျာဉ်ခြံမြေ(၃၀)ဧကနှင့် စားကျက်မြေ (၄၀)ဧက စုစုပေါင်း (၅၀၅)ဧကရှိပါသည်။ ရွာ၏ အရှေ့ဘက် ၁မိုင်ပတ်ဝန်းကျင်တွင် သဘာဝ ကျောက်တောင် များရှိပါသည်။ သဘာဝဖြုံး(သို့)သဲတောင်များ သဘာဝပေါက်ရောက်သော သစ်တော များရှိပါသည်။ တောင်ယာ များနှင့် လယ်ကွက်များမှာ ရွာကိုဝိုင်းရံလျက်ရှိပြီး ကျွဲ၊ နွားတိရစ္ဆာန် များအတွက် စားကျက်မြေ များ လည်း အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ မတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်တို့မရှိပါ။ ကျောက်၊ သဲ အသင့်အတင့်ရှိပါသည်။ ထုတ်ယူသုံးစွဲရန် ခက်ခဲ ပါသည်။ သဘာဝအပင် မျိုးစိတ်များ၊ နွားစာ၊ ဆေးဖက်ဝင်အပင်များ အများအပြား လွယ်ကူစွာ ရရှိနိုင်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးလှပါသည်။ ကျီး၊ တောက်၊ တောကြက်နှင့် အခြားသတ္တဝါငယ်၊ မြေအောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ တိရစ္ဆာန်များကို တွေ့ရှိနိုင် ပါသည်။ ငှက်အမျိုးအစိတ်များ အမျိုးမျိုးကိုလည်း တွေ့ရှိနိုင်ပါသည်။ ရေအောက်တွင်နေထိုင်ပါသော သက်ရှိသတ္တဝါဒေသငါးမျိုးစိတ်များကိုလည်း တွေ့ရှိနိုင်ပါသည်။ လူဦးရေထူထပ်လာခြင်းနှင့် သစ်တော ပြုန်းတီးခြင်းများကြောင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးလာကြောင်း ယူဆရပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

နမ့်ပေါင်ကျေးရွာတွင် ရှမ်းလူမျိုးအများစုဖြစ်ပြီး ကျန်တိုင်းရင်းသားများဖြစ်သော ကချင်၊ကိုးကန့်စသည့်တိုင်းရင်းသားများလည်း နေထိုင်ကြပါသည်။ အိမ်ထောင်စု(၈၉၉) အိမ် ရှိပြီး လူဦးရေစုစုပေါင်း(၄၄၈၈)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၁၈၅၅)ယောက်၊ မ (၂၆၃၃)ယောက် စုစုပေါင်း(၄၄၈၈) ယောက် ရှိပါသည်။ နို့စို့အရွယ် ကလေး ကျား(၄၀)ယောက်၊ မ (၄၃)ယောက်၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၃၅)ယောက်၊ မ(၄၅)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၅၀)ယောက်၊ မ(၆၂)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၆၅) ယောက်၊ မ(၇၃)ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၁၅၉၅)ယောက်၊ မ(၂၃၃၀) ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၇၀)ယောက်၊ မ (၈၀)ယောက်ရှိပါသည်။ မွေးကင်းစ ကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ် ဆေးထိုးပေးကြပြီး တစ်ချို့သော မိဘများသည် ကလေးများ ဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြို ကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘ များက ဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်း ကို စတင်တက်ရောက်ကြပါသည်။ **ကျွန်တော်တို့ နမ့်ပေါင်ကျေးရွာတွင် အထက်တန်းကျောင်း(၌) တစ်ကျောင်းရှိပါသည်။ ကျောင်းသို့ ခြေလျင်ဖြင့် သွားရပါသည်။ (၀.၁) မိုင်အတွင်း တည်ရှိ ပါသည်။ ကျောင်းဧရိယာ စတုန်းရန်းပေ (၅၄၀၀)ပေခန့်ရှိပါသည်။** ကျွန်တော်တို့ ကျေးရွာတွင် မြို့ပေါ်သို့ တက်ရောက်ကာ တက္ကသိုလ်၊ ကောလိပ်တွင် ပညာသင်ယူနေသော ကျား(၁)ဦး၊ မ(၁)ဦးသာရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်း နှင့် ဈေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပြီး တစ်ချို့သောသူများသည် ပြည်တွင်း၊ ပြည်ပများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်တော်တို့ နမ့်ပေါင်ကျေးရွာ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေး လုပ်ငန်း ဖြစ်ပါသည်။ ပြောင်းနှင့်စပါးကို အဓိကစိုက်ပျိုးပါသည်။ အခြားသော ဥယျာဉ်ခြံလုပ်ငန်းနှင့် ရာသီဥတုအလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းကိုလည်း မိသားစုအနည်းငယ်လုပ်ကိုင်ကြ ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၅၀)ဧက၊ ယာမြေ/တောင်ယာမြေ (၃၈၅) ဧက၊ ဥယျာဉ်ခြံမြေ(၃၀)ဧကနှင့် စားကျက်မြေ (၄၀)ဧက စုစုပေါင်း (၅၀၅)ဧကရှိပါသည်။ မြေယာမပိုင်ဆိုင်သော မိသားစုများအတွက် ခြံငှားရမ်းခြင်း(သို့)နေ့စားအလုပ်ကို လုပ်ကိုင်ခြင်း အားဖြင့် အသက်မွေးရပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးဖြစ်သော ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ မွေးမြူခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရရှိသော သီးနှံများတွင် ဟင်းသီးဟင်းရွက်များကို ရောင်းချလည်း အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စိုက်ပျိုး ရာသီပြီးချိန်တွင် တစ်နိုင်တစ်ပိုင်အနေဖြင့် သစ်၊ ဝါး၊ မျှစ်များကိုလည်း ရှာဖွေရောင်းချသော မိသားစုများလည်း ရှိပါသည်။ တစ်ချို့အိမ်ထောင်စုများသည် စိုက်ပျိုးရေး အလုပ် နှင့်တင် ဝမ်းစာမလုံလောက်၍ ပြည်တွင်းနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ပြီး မိသားစုကို ဘဏ်မှ တဆင့် ငွေလွှဲပေးကြ ပါသည်။

ကျွန်တော်တို့ နမ့်ပေါင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၅၀) ဧက၊ ယာမြေ/တောင်ယာမြေ(၃၈၅)ဧက၊ ဥယျာဉ်ခြံမြေ(၃၀)ဧကနှင့် စားကျက်မြေ (၄၀)ဧက စုစုပေါင်း (၅၀၅)ဧကရှိပါသည်။ ကျေးရွာ၏ (၈.၃၉%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု ၂.၅ဧက အောက်ရှိသော အိမ်ထောင်စုသည် (၁၉.၆၂%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများ ဖြစ် ၍ မြေယာအနည်းငယ် ရှိပါ သည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စု သည် (၂၆.၄၈%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေ ပိုင်ဆိုင်မှု ၅ဧကမှ၁၂.၅ဧကကြားရှိသော အိမ်ထောင်စုသည်(၃၀.၄၈%)ခန့်ရှိပြီး တောင်သူလတ် များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ဧကအထက်ရှိသော အိမ်ထောင်စု သည်(၁၆.၂၀%)ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။

ကျွန်တော်တို့နမ့်ပေါင်ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ပြောင်းချေစက်နှင့် အခြားကိုယ်ပိုင်စီးပွားရေးရှိသောသူများကို အဆင်ပြေ သော အိမ်ထောင်စု သတ်မှတ်ပါသည်။ လယ်၊ ယာအနည်းငယ်နှင့်တစ်ထပ်တိုက်၊ ရိုးရိုး ဆိုင်ကယ်၊ စက်ဘီးပိုင်ဆိုင်သော သူများကို အလယ်အလတ် သတ်မှတ်ပါသည်။ ကိုယ်ပိုင် မရှိသော လယ်၊ ယာ တစ်နေ့လုပ်တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်း လုပ်သောသူကို မပြေလည်သော အိမ်ထောင်စု သတ်မှတ်ပါသည်။ မြေယာ၊ လယ်ယာမရှိ၊

ဝါးအိမ်နှင့်နေ မုဆိုးမ၊ တစ်ခုလပ်အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီးများရှိခြင်း၊ တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ၊ တစ်ယောက်တည်းရှာစားသူများကို အလွန်မပြေလည်သည်ဟု ယူဆသည်။

ကျွန်တော်တို့ နမ့်ပေါင်ကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦးလျှင် အများဆုံး(၈၀၀၀)မှ (၅၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၅၀၀၀)မှ အနည်းဆုံး(၄၀၀၀)ထိပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ကျေးရွာတွင်

ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့်တောတောင်အတွင်းရှိ သစ်ပင်များကို ခုတ်ယူပြီး မီးသွေးများ ဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ တောင်ကျရေကြောင့် ရံဖန်ရံခါရေကြီးမှု များရှိတတ်ပါသည်။ စိုက်ပျိုးချိန်တွင် ရာသီဥတု မမှန်ခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်ပါက စိုက်ပျိုးရေမလုံလောက်မှုများ ရှိလာနိုင်ပါသည်။ **သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင်များ စိုက်ပျိုးခြင်း မရှိပါ။** မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းကြောင့် ဒွက်ဖျားရောဂါ ဖြစ်ပွားမှုအနည်းငယ် ခံစားရလေ့ ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေး များ ဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချိုင့်ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ စားဝတ်နေရေးအတွက် အခြား ဒေသတို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက် မရှိသောကြောင့် ထိခိုက် လွယ်မှု မြင့်ပါသည်။

ကျေးရွာတွင် လူငယ်များ ဆိုင်ကယ်ကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများဖြစ်တတ်သည်။ **ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင် ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ ဖြစ်ပါသည်။**

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

ကျွန်တော်တို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၇)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ် ခေါင်းဆောင်အဖွဲ့၊ ပရဟိတအဖွဲ့ ၊ ပညာရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့တို့ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှု ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများ လိုအပ်သော အကူအညီများ ကို အားတက်သရော ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများ ကို ရွာသူရွာသား များ နှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

နမ့်ပေါင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ မရှိပါ။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ **နမ့်ပေါင်**ကျေးရွာတွင် စိုက်ပျိုးမြေကေပေါင်း(၅၀၅)ကေရှိပြီး မစိုက်ပျိုးပဲ ထားသော မြေလွတ်မြေလပ်မရှိပါ။ **နမ့်ပေါင်ကျေးရွာ၏ လယ်မြေ မြေဆီလွှာ အရည်အသွေးမှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်းကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါသည်။**

ကျွန်တော်တို့ ကျေးရွာ၏ (၈.၃၉%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု ၂.၅ကေ အောက်ရှိသော အိမ်ထောင်စုသည် (၁၉.၆၂%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများ ဖြစ် ၍ မြေယာအနည်းငယ် ရှိပါ သည်။ မြေပိုင်ဆိုင်မှု ၂.၅ကေမှ ၅ကေကြားရှိသော အိမ်ထောင်စုသည် (၂၆.၄၈%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ကေမှ၁၂.၅ကေကြားရှိသော အိမ်ထောင်စုသည်(၃၀.၄၈%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ မြေပိုင်ဆိုင်မှု ၁၂.၅ကေအထက်ရှိသော အိမ်ထောင်စု သည်(၁၆.၂၀%)ခန့်ရှိပြီး တောင်သူကြီးများဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ ကျွန်တော်တို့ **နမ့်ပေါင်**ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ ပြောင်း၊ စပါး၊ နှမ်း၊ ပဲပုပ်၊ မြေပဲ၊ ဆားငန်သီး၊ ဝိန်ခွသီး၊ လိုင်ချီးသီးတို့မှာ ရာသီအလိုက် ထွက်ကုန်သီးနှံများဖြစ်ပါသည်။ စပါး၊ ပြောင်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ မိုးရာသီကို သာ မှီခို၍ တစ်သီးစားသာစိုက်ပျိုးကြပါသည်။ မြေဆီလွှာအနေအထားမှာ တဖြည်းဖြည်း ညံ့ဖျင်းလာသည်ကို တွေ့ရှိရပါသည်။ သဘာဝမြေဩဇာများထက် ဓာတ်မြေဩဇာများကို နှစ်စဉ်ဝယ်ယူသုံးစွဲနိုင်ပါသည်။ ယခုနှစ်တွင် ငမြှောင်တောင်ပိုးကဲ့သို့သော ဖျက်ပိုးများကျရောက်သဖြင့် တောင်သူများအတွက် အခက်အခဲတွေ့ကြုံရင်ဆိုင်ရပါသည်။ ထို့အပြင် ပေါင်းဓာတ်၊ ဆေးပိုးသတ်ဆေးများကို

ဝယ်ယူသုံးစွဲရသောကြောင့် သွင်းအားစုသုံးငွေကို ပို၍ အသုံးပြု နေရပါသည်။ တိကျခိုင်မာသော စျေးကွက်မရှိခြင်းသည်လည်း တောင်သူများအတွက် အခက်အခဲ ရှိပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၅၀)တင်းထွက်ပြီး၊ ပြောင်းအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၆၀)တင်း ထွက်ရှိပါသည်။ စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ ဩဂုတ်လ အထိ ဖြစ်ပြီး အမြတ် ရရှိမှုမှာ နည်းပါသည်။**အမြတ်ရရှိနိုင်မှုမှာ သီးနှံစျေးကွက်အလိုက် အတက်အကျ ပေါ်မူတည်၍ အမြတ်ရရှိကြ ပါသည်။ အများအားဖြင့် မှာ ထင်သလောက် အမြတ်မရရှိကြပေ။ သီးနှံစိုက်ပျိုးရာတွင် မြေဆီ နည်းသောကြောင့် မြေဩဇာ အများအပြား ထည့်၍ စိုက်ပျိုးရသဖြင့် အရင်းနှီးများ၍ အမြတ် နည်းသည်ကို တွေ့ရှိရ ပါသည်။**

ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်(၇၀)ခု၊ လက်တွန်းထွန်စက်(၉၀)ခု၊ ရိတ်သိမ်းခြွေလှေ့စက် (၅၀)ခု၊ ရေစုပ်စက်(၄၅)၊ ခြေနင်းရေတင်စက်(၁၅)ခုနှင့် မြက်ရိတ်စက်(၄၅၀)ခုရှိပြီး တစ်ချို့အိမ်ထောင်စုများသည် လိုအပ် သော စက်ကိရိယာများကို ငွေကြေး မတတ်နိုင်သည့်အတွက် အချင်းချင်းထံတွင် ငှားရမ်း အသုံးပြုကြပါသည်။ကျေးရွာတွင် လယ်ယာမြေအကုန်လုံးကို စိုက်ပျိုးနိုင်သောကြောင့် လယ်ယာမြေ အသုံးချနိုင်မှု အလွန်ကောင်းပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးငွေကို မိဘနှင့်ဆွေမျိုးများထံတွင် အတိုးနှုန်း(၂%)ဖြင့် ချေးယူ၍ ရနိုင်ပါသည်။ စိုက်ပျိုးရေအရင်းအမြစ်သည်လည်း အသင့်အတင့် ရှိပါသည်။ ထို့အပြင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကိုလည်း နီးစပ်ရာ ပြောင်းဖူးပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံများကို ရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ကျွန်တော်တို့ရွာသည် လယ်ယာမြေကို စိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် ဖျက်ပိုးရောဂါကျရောက်မှု အနည်းငယ်ရှိခြင်းကြောင့် ပြောင်းအထွက်နှုန်းနည်းပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၅)အိမ်ရှိပြီး နွားကောင်ရေ (၃၀)ကောင်၊ အိမ်ထောင်စု(၄)အိမ်မှ ကျွဲ(၁၀)ကောင်၊ အိမ်ထောင်စု(၂၁)အိမ်မှ ဝက်(၅၀) ကောင်၊ အိမ်ထောင်စု(၁၅၅)အိမ်မှ ကြက်(၃၂၀)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးဖြစ်သော ကျွဲ၊ နွား၊ ဝက်၊ ကြက်တိရိစ္ဆာန် များကို ခွာနာ၊ လျှာနာ၊ တုပ်ကွေး၊ ဝမ်းကျရောဂါများ ဖြစ်ပွားလျှက်ရှိပါသည်။ **ဆေးဝါးဗဟုသုတ ပညာ** မွေးမြူကြပါသည်။ ယခုနှစ်တွင် ကျွဲ၊ နွားတိရစ္ဆာန်ပိုမိုမွေးမြူလာကြသောကြောင့် စားကျက်မြေ ရှားပါးမှုနှင့်လည်း ရင်ဆိုင်နေရပါသည်။ တိရစ္ဆာန်များတွင်ကျရောက်တတ်သော **နည်းပါး သောကြောင့်**

ဆုံးရှုံးမှုများ လည်းရှိပါသည်။ အချို့တိရစ္ဆာန်များမှာ အချိန်မီဆေးဝါး ကုသ နိုင်ခြင်း မရှိသောကြောင့် မဆုံးရှုံးသင့်ပဲ တိရစ္ဆာန်များ သေဆုံးနေကြကြောင်းကိုလည်း လေ့လာသိရှိ ရပါသည်။ တိရစ္ဆာန်ရောင်းဝယ်မှု လုပ်ငန်းတွင် ယခုနှစ်တွင် ရသင့်ရထိုက် သည့် ဈေးနှုန်းများမရရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ကျွန်တော်တို့ရွာတွင် မွေးမြူရေး လုပ်ကိုင်ရန် အလားအလာအမြောက်အမြား ရှိပါသည်။ မွေးမြူရေးလုပ်ကိုင်ရန် ချေးငွေ အသင့်အတင့်ရနိုင်ပြီးအစာ၊ ဆေး များကိုလည်း နီးစပ်ရာ ဈေးကွက်တွင် ဝယ်ယူနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ရှိသောကြောင့် ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ မွေးမြူရေးလုပ်ရန် အိမ် ခြံမြေအတွင်း မြေနေရာ အသင့်အတင့်ရှိပါသည်။ ရွာတွင် မွေးမြူရေးလုပ်ကိုင်ရန် စားကျက်မြေ အသင့်အတင့်ရှိပါသည်။ ကျွန်တော်တို့ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာ ဝန်ဆောင်မှုများ မရပါ။ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုများရရှိလျှင် ကျွန်တော်တို့ရွာ အတွက် အလွန်အဆင်ပြေပြီး ရွာသူ/ရွာသားများ အတွက် အလုပ်အကိုင်ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေး သို့ သွားရောက်၍ စီးပွားရှာစရာ မလိုတော့ပါ။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

စိုက်ပျိုးရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအချို့မှာ မိသားစုများ အနေဖြင့် ပန်းရံ၊ လက်သမား၊ နေ့စား၊ ကျပန်းဈေးရောင်းခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင် လျှက်ရှိပါသည်။ ယာဉ်မောင်း၊ ယောဉ်စက်ပြင်ခြင်းကိုလည်း အသက်မွေးဝမ်းကျောင်းပြုနေသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖုရှာဖွေခြင်းလုပ်ငန်းနှင့် ခြံထွက် သီးနှံများ ဈေးသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ ဈေးကွက် မကောင်း သောကြောင့် လုပ်သားများငှားရမ်းရန် မလိုအပ်ပါ။ နမ့်ပေါင်ကျေးရွာသည် လားရှိုးမြို့နှင့်(၂၇)မိုင်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျွန်တော်တို့ကျေးရွာသည် မဟာခါတ်အားလိုင်းရရှိသော ကျေးရွာဖြစ်၍ လျှပ်စစ်မီးအသုံးပြုမှု အဆင်ပြေပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်း များကို တတ်ကျွမ်းသူ အနည်းငယ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဒေသ ထွက်ကုန်များ ရောင်းချရန် ဈေးကွက်နှင့်အသိအမြင်များ မရှိ၍ ဈေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။

အသက်မွေးဝမ်းကျောင်း ပညာနှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်လျက်ရှိပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် မိတ်ဆွေနှင့်ဆွေမျိုးများထံတွင် အတိုးနှုန်း ၂%ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို (၃)လမှ (၆)လအတွင်း ပြန်၍ဆပ်ရပါသည်။ ချေးငွေကို ချေးယူ ရာတွင် အပေါင်ခံပစ္စည်းမလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့်အချိန်တွင် လိုချင်သလောက်မရပါ။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာတွင် စက်ဘီး(၆၀)စီး၊ မော်တော်ဆိုင်ကယ်(၈၅၀)စီး၊ ထော်လာကျီ (၃၀) စီး၊ ကား(၅၀)စီး နှင့်နွားလှည်း(၁၀)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍ အတွက် အသုံးပြုကြပါသည်။

ကျွန်တော်တို့ကျေးရွာ၏ ရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး ဖောက်လုပ်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း တစ်နှစ်ပတ်လုံးသွားလာရအဆင်ပြေပါသည်။ ချဉ်းကပ်လမ်း နှင့် ရွာချင်းဆက်လမ်းများမှာ ကတ္တရာလမ်းများဖြစ်သောကြောင့် တစ်နှစ်ပတ်လုံးသွားလာရ အဆင်ပြေပါသည်။ ကျွန်တော်တို့ နမ့်ပေါင်ကျေးရွာတွင် (၁၅'×၂၅' ×၂၀')တံတားကြီး တစ်စင်းသာ ရှိပါသည်။ ရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းမရှိပါသဖြင့် ရေကြောင်း သယ်ယူ ပို့ဆောင် ရေး မရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ နမ့်ပေါင်ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသူ အိမ်ထောင်စု (၈၉၉)စု၊ ဆိုလာစနစ်ဖြင့် အသုံးပြုသူ အိမ်ထောင်စု(၄၀)စုရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

နမ့်ပေါင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၅၆၀) လုံး၊ ရေဒီယို(၂၀)လုံး၊ တီဗွီ(၁၂၀၀)လုံး၊ ဂြိုလ်တုစလောင်း(၅၀၀)ခုတို့ မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၇။ ပညာရေး

ကျွန်တော်တို့ ကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်းရှိပါသည်။ စာသင်ကျောင်းသည် ၁မိုင်ခန့်ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ **ကျောင်းဧရိယာ စတုရန်းပေ (၅၄၀၀)ပေခန့် ရှိပါသည်။ အမိုး၊ နံရံ၊ အခင်းသည် အရည်အသွေး ကောင်းမွန်ပြီး**

ကျောင်းသုံး ပရိဘောဂ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာသည်လည်း ယင်လုံ အိမ်သာဖြစ်သော ကြောင့် ကျောင်း၏ ကလေးများ ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ **အထက်တန်း ကျောင်းကို လားရှိုးမြို့သို့ တက်ရောက် ရပါသည်။**

မူလတန်းအဆင့်ပညာရေးတွင် ၁၀၀%တက်ရောက်သင်ကြားနိုင်ပါသည်။ အလယ်တန်း၊ အထက်တန်းအဆင့်တွင် တက်ရောက်နိုင်သော ကျောင်းသူ/ကျောင်းသားများနည်းပါးလာသည်။ တက္ကသိုလ်ပညာအဆင့်တွင် ၁ဦးသာပြီးမြောက် သင်ကြားနိုင်ခဲ့ပါသည်။ ထို့ကြောင့် ဘွဲ့ရပညာ တတ် များ အလွန်အလွန်နည်းပါးလာပါသည်။ ဤကဲ့သို့ဖြစ်ရသော အကြောင်းရင်းများကို ဖော်ပြရလျှင် ထို အကြောင်းများကြောင့်သာ ဖြစ်နိုင်သည်။ မိသားစုဆင်းရဲနွမ်းပါးခြင်း၊ လုပ်ငန်းခွင်၌ ကူညီ လုပ်ဆောင်မည့်သူမရှိခြင်း၊ ပညာရေးစိတ်မဝင်စားခြင်း၊ အသက်အရွယ်မပြည့်ခင် အိမ်ထောင် ပြုခြင်းများကြောင့်ဖြစ်ပါသည်။ ကျေးရွာတွင် ကျောင်းသား/သူများကို ပညာသင်ကြားပေးနေသော ဆရာ/ဆရာမ **စုစုပေါင်း (၃၁)ဦး ကျေးရွာခန့် (၃)ဦး အပါအဝင် ရှိပါသည်။ ကျောင်းသားနှင့် ဆရာ/မ လုံလောက်မှုမရှိကြောင်း လေ့လာ တွေ့ရှိပါသည်။** ကျောင်းသားနှင့်ဆရာမ မညီမျှမှုကို တွေ့ရှိရ ပါသည်။ အဆောက်အဦးခုဆောင်သာရှိသော်လည်း ကျောင်းသားဦးရေများသဖြင့် ကျောင်းဆောင် လုံလောက်မှု ရှိပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်တော်တို့ နမ့်ပေါင်ကျေးရွာတွင် ကျေးလက်ဆေးခန်းရှိပါသည်။ ဆေးခန်းနှင့်သူနာပြုဆရာမ (၂)ဦးခန့်ထားပါသည်။ ဆရာမတို့မှ ကျေးရွာတွင် ကျန်းမာရေးဟောပြောပွဲ များ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများ ဖြန်းပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်းကြောင့် ကျန်းမာရေး နှင့်ပတ်သက် ၍ အချို့မိကုသနိုင်ပါသည်။ အနီးပတ်ဝန်းကျင်ရွာများအတွက်လည်း လာရောက်ဆေးကုသ နိုင်သည့် အတွက် လွန်စွာအဆင်ပြေပါသည်။

ကျန်းမာရေး အသိပညာဗဟုသုတအားနည်းခြင်း၊ အစာကိုဆင်ခြင်စားသုံးခြင်း မရှိခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုများ ပါသည်။ ရာသီအလိုက် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းများ မရှိသောကြောင့် ဌက်ဖျားရော ဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ခြင်ဆေးများ ဖြန်းခြင်း၊ ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းကြောင့် ရောဂါပြန့်ပွားမှုနည်းပါသည်။

ကျွန်တော်တို့ကျေးရွာ၌ နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေကို အဝီစိတွင်းမှ ရရှိပါ သည်။ **နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး ရရှိ**ပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်းနီးပါးသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာနှင့် ရေဆွဲအိမ်သာများကိုသာ သုံးစွဲ ကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နမ့်ပေါင် ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော ရွာဖြစ်သောကြောင့် စိုက်ပျိုးသည့် အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံး ရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တော သစ်ပင် မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များကို စိုက်ပျိုးခြင်း မရှိပါ။ ရွာတွင် ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ သစ်ပင်များ ခုတ်လဲ မှုများ၍ သဘာဝအပင်မျိုးစိတ်များ ပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှုအန္တရာယ် များ ဖြစ်ပေါ်နိုင်ပါသည်။ ဖျက်ပိုးများ ခရုများကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီများ မရယူဘဲ နိုးစပ်ရာအချင်းချင်း(သို့မဟုတ်)မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း၍ နှိမ်နှင်း ကြပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့ အိမ် များသည် အမှိုက်များကို မီးရှို့ဖျက်ဆီး ကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု၊ ခေါင်းဆောင်မှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများ ၏ အခွင့်အရေးမှာ အမျိုးသားများနှင့် နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာ အိမ်ထောင်ကို ဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့် အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေးများအတွက်ဖြင့်သာ အချိန်ကုန်မြှပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်မြို့ပြနှင့် ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေး အပိုင်းတွင် စိတ်ဝင်စားမှုအလွန်နည်းပါးလှပါသည်။ သာရေး/နာရေး ချက်ပြုတ်ရေး ကိစ္စများတွင် အမျိုးသားများထက် ပို၍ စွမ်းဆောင်နိုင်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်မှာ နည်းပါးပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် အနားယူအပန်းဖြေရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာ အစည်းအဝေး ဟောပြောပွဲများပြုလုပ်ရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာ အစည်းအဝေး ဟောပြောပွဲများ ပြုလုပ်ရန်နေရာများ မရှိသောကြောင့် မဏ္ဍပ် များ ဈေးကြီးပေးပြီး

ဌားရမ်းသုံးစွဲကြရပါသည်။ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် နေရာနှင့် အထောက်အကူပစ္စည်းများ မရှိပါ။ တအောင်းယဉ်ကျေးမှုအဖွဲ့အစည်း၊ ရှမ်းယဉ်ကျေးမှု အဖွဲ့အစည်း၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့အစည်းများရှိပါသည်။ မိမိတို့၏ ရိုးရာစာပေများကို နွေရာသီ ကျောင်းပိတ်ရက်တွင် သင်ကြားပေးလျက်ရှိပါသည်။ ရိုးရာဓလေ့များ ထိန်းသိမ်းခြင်း၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်း ရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာ များနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက် များမရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

၂၀၂၂တွင် ကျေးရွာမှ လုံခြုံရေးကင်းအဆောက်အဦးနှင့် မီးသတ်အဆောက်အဦး၊ စာကြည့်တိုက်၊ အဆောက်အဦးများ ပေါ်ပေါက်လာစေရန် ကြိုးစားလျက်ရှိပါသည်။ ဤကဏ္ဍများပြည့်စုံလာပါက နယ်မြေအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံမှုများ အပြည့်အဝရရှိမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှု စသည့် ဖြစ်စဉ်များ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ သုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါး သုံးစွဲမှု အနည်းငယ် ရှိပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကွန်ကရစ်လမ်းခင်းခြင်း	၁	✔				
၂	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း	၂		✔			
၃	မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း	၂		✔			
၄	ဘက်စုံသုံးခန်းမဆောင်ဆောက်လုပ်ခြင်း	၃			✔		
၅	ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း	၃			✔		
၆	ရေကန်ဆောက်လုပ်ခြင်း	၄				✔	
၇	ကျောင်းအုတ်တံတိုင်းတည်ဆောက်ခြင်း	၅					✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) နမ့်ပေါင်ကျေးရွာ

ကျေးရွာ	- ဟိုခိုကျေးရွာ
ကျေးရွာအုပ်စု	- ဟိုခိုကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်း(မြောက်)
စီမံချက်အမည် -	**ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင်အခမ်းအနားများကျင်းပပြုလုပ်ရာတွင်ဘုရာကျောင်း၌သာအများအားဖြင့်ပြုလုပ်ကြပါသည်။ ထိုအခါဘုရာကျောင်းတက်သည့်နေ့နှင့်တိုက်ဆိုင်နေပါကနေရာအခက်အခဲဖြစ်ရခြင်း နှင့် ကြုံတွေ့ကြရပါသည်။ • ကျေးရွာတွင်မဏ္ဍပ်ဌာနရမ်းရန်ခက်ခဲခြင်း • ကျေးရွာတွင်သာရေး/နာရေး/ဘာသာရေးပွဲများပြုလုပ်ရန်သီးခြားအဆောက်အဦးမရှိခြင်း	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ကျေးရွာတွင်အခမ်းအနားများကျင်းပပြုလုပ်ရာ၌နေရာထိုင်ခင်းအဆင်ပြေချောမွေ့စေရန် • မဏ္ဍပ်ဌာနရမ်းခသက်သာစေရန် • ကျေးရွာသူ/သားများစည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်တတ်လာစေရန်	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) • ကျေးရွာခန်းမရှိပါက သာရေး၊ နာရေး၊ ဘာသာရေးပွဲများပြုလုပ်နိုင်ရန် နေရာရှိလာမည်ဖြစ်သဖြင့် ဘုရားကျောင်းအားအသုံးပြုရန်မလိုအပ်တော့ခြင်း • မဏ္ဍပ်ဌာနရမ်းရန်မလိုအပ်တော့ခြင်း • ဟောပြောပွဲများပြုလုပ်နိုင်ရန်နေရာအဆင်ပြေခြင်း၊လူစုလူဝေးပြုလုပ်နိုင်ခြင်း	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း(၄၀'×၃၀'×၁၃')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀ (ငွေသား) • ၄၁၅၀၀၀၀ (ငွေသား)	• ကျေးလက်ဦးစီး • ကျေးရွာ

• ××××××××××× (ပစ္စည်း/လုပ်အား)	• ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၈၅၅	၂၆၃၃	၄၄၈၈	၂၅၀	၂၆၀	၂၉၈	၉၁	၈၉၉
အကျိုးခံစားမည့်ဦးရေ	၁၈၅၅	၂၆၃၃	၄၄၈၈	၂၅၀	၂၆၀	၂၉၈	၉၁	၈၉၉
မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့်–၂၊ ဆင်းရဲ–၃၊ အလွန်ဆင်းရဲ–၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း (များ)

နမ့်ပေါင်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက်စတင်မည့်အချိန် (ခန့်မှန်း)

၂၅.၈.၂၀၂၀

(၃) စီမံချက်ပြီးစီးမည့်အချိန်

၃၀.၉.၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်

ကျေးရွာသူ/ သားများမှအလှည့်ကျလုပ်ငန်းပြီးမြောက်သည်အထိလုပ်အားပေးကြပါမည်။

(၅)လုပ်ငန်းလည်ပတ်ရေးပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှဦးဆောင်၍ ရွာသူရွာသားများနှင့်တကွ ရေရှည်တည်တံ့ခိုင်မြဲ အောင်

ပြု ပြင်ထိန်းသိမ်းသွားပါမည်။

နမ့်ပေါင်ကျေးရွာ၊ နမ့်ပေါင်ကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးညီညီ	ဦးဝင်းချောင်	၁၃/လရန(နိုင်)၀၉၉၂၀၆	၄၉	ဥက္ကဋ္ဌ	၀၉-၄၄၅၅၆၆၅၇၅၀
၂	ဦးစိုင်းပူးဆိုင်	ဦးဆွယ်ငင်း	၁၃/လရန(နိုင်)၀၄၃၁၀၁	၅၄	အတွင်းရေးမှူး	၀၉-၂၅၁၃၈၂၀၂
၃	ဒေါ်နှင်းနှင်းအေး	ဦးအုန်းမောင်	၁/မညန(နိုင်)၀၉၃၀၈၁	၄၅	စာရင်းကိုင်	၀၉-၇၉၃၅၃၄၆၁၇
၄	ဦးလှကျော်လှမိုး	ဦးအောင်သိန်း	၁၃/လရန(နိုင်)၁၂၄၃၂၂	၄၉	အဖွဲ့ဝင်	၀၉-၂၆၈၁၀၂၄၀၀
၅	ဒေါ်သီတာခိုင်	ဦးညီကေး	၉/လဝန(နိုင်)၁၁၇၉၆၃	၄၆	အဖွဲ့ဝင်	၀၉-၄၄၀၂၆၈၆၄၄
၆	ဦးကျော်ဟန်	ဦးဆန်ဆိုင်	၁၃/လရန(နိုင်)၁၁၆၇၈၉	၄၄	အဖွဲ့ဝင်	၀၉-၂၅၅၁၁၇၁၇၁
၇	ဒေါ်နန်းမွမ်းအောင်	ဦးဝါလိန်	၁၃/လရန(နိုင်)၁၄၉၁၆၂	၂၇	အဖွဲ့ဝင်	၀၉-၄၀၂၉၀၇၇၉၇

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ဘ) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ဘ) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄၀	၄၃	၈၃
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၅	၄၅	၈၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၀	၆၂	၁၁၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၅	၇၃	၁၃၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၉၅	၂၃၃၀	၃၉၂၅
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၇၀	၈၀	၁၅၀
စုစုပေါင်း		၁၈၅၅	၂၆၃၃	၄၄၈၈
စုစုပေါင်း အိမ်ထောင်စု				၈၉၉

ရင်းမြစ်... (ဘ) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ နမ့်ပေါင်ကျေးရွာတွင် ရှမ်းလူမျိုးအများစုဖြစ်ပြီး ကျန်တိုင်းရင်းသားများ ဖြစ်သောကျင်၊ ကိုးကန့်စသည့်တိုင်းရင်းသားများလည်း အတူတကွ နေထိုင်ကြပါသည်။ **ကျေးရွာအတွင်းရှိ နို့စို့အရွယ် ကလေးများသည် တစ်လတစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကလေးများသည် ၆နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေများပြားသော်လည်း ရွာတွင်း၌ အလုပ်အကိုင် အခွင့်အလမ်း ရှား သောကြောင့် အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။**

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-ဘ) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၀၀	၈၀၀		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၃၀	၈၅၀		မြင့် □လတ်☑နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၆၉	၆၅၀		မြင့်☐လတ်☐နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☑နိမ့်☐
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၆၀၀		မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၅၀	၁၀၂၅		မြင့်□လတ်☑နိမ့်□ မြင့်□လတ်□နိမ့်□
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**" တွင်ရပ်တည်နိုင်မှု" **မြင့်** " ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူမိသားစုများပါသည်။ အခြားကိုယ်ပိုင်လုပ်ငန်း မဟုတ်သော အငှားလုပ်သား လုပ်ဆောင်သူများလည်း တွေ့ရှိရပါသည်။ ခြုံငုံပြီးသုံးသပ်ရလျှင် ဝင်ငွေ အသင့်အတင့်သာရှိကြောင်း တွေ့ရပါသည်။ ပြင်ပအဖွဲ့အစည်းနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့နမ့်ပေါင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာ၌ ကျားတစ်ဦးလျှင် နေ့စားလုပ်အားခအများဆုံး(၅၀၀၀) ကျပ်မှ (၈၀၀၀)ကျပ်ထိ ရရှိပြီး မတစ်ဦးလျှင် နေ့စားလုပ်အားခအများဆုံး(၅၀၀၀)ကျပ်ထိသာ ရရှိပါသည်။ လုပ်အားရှားပါးသည့် အချိန်တွင်(၇၀၀၀) ကျပ်ထိ ရရှိပါသည်။ သာမာန်အချိန်တွင် လုပ်သားများ လွယ်ကူစွာ ရှာဖွေနိုင် သော်လည်း စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင် လုပ်သားရှားပါးမှုများ ရှိပါသည်။ ထို့ကြောင့် လုပ်အားခ ပိုမိုပေးဆောင်ရခြင်း ဖြစ်နိုင်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၈၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၀	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
စားကျက်မြေ	၄၀	ကောင်း ☐	သင့်☑	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၅၀၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ နမ့်ပေါင်ကျေးရွာရှိ စိုက်ပျိုးမြေဧကမှာ တောင်ယာမြေ ၃၈၅ ဧက၊ လယ်ဧက ၅၀ ဧက၊ ဥယျာဉ်ခြံမြေ ၃၀ ဧက၊ စားကျက်မြေ ၄၀ ဧက၊ စုစုပေါင်း ၅၀၅ ဧက ဖြစ်ပါသည်။ သာမာန်အားဖြင့် မြေဆီလွှာ အရည်အသွေး အတင့်အသင့်သာရှိကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် သွင်းအားစုဖြစ်သော သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ နှစ်စဉ် ဝယ်ယူ သုံးစွဲနေရခြင်းသည် မြေဆီလွှာ အရည်အသွေးမကောင်းကြောင်း ထင်ရှားလျှက်ရှိပါသည်။ မြေလွတ်မြေလပ်များ မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်တို့မရှိပါ။ ကျောက်၊ သဲ အသင့်အတင့်ရှိပါသည်။ ထုတ်ယူ သုံးစွဲရန် ခက်ခဲပါသည်။ သဘာဝအပင် မျိုးစိတ်များ၊ နွားစာ၊ ဆေးဖက်ဝင်အပင်များ အများအပြား လွယ်ကူစွာရရှိနိုင်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးလှပါသည်။ ကျီး၊ တောက်၊ တောကြက်နှင့် အခြားသတ္တဝါငယ်၊ မြေအောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၊ တိရစ္ဆာန်များကို တွေ့ရှိနိုင်ပါသည်။ ငှက်အမျိုးအစိတ်များ အမျိုးမျိုးကိုလည်း တွေ့ရှိနိုင်ပါသည်။ ရေအောက်တွင် နေထိုင်ပါသော သက်ရှိသတ္တဝါ ဒေသငါးမျိုးစိတ် များကိုလည်း တွေ့ရှိနိုင်ပါသည်။ လူဦးရေထူထပ်လာခြင်းနှင့် သစ်တောပြုန်းတီးခြင်းများကြောင့် သဘာဝ တိရစ္ဆာန် မျိုးစိတ်များ ရှားပါးလာကြောင်း ယူဆရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၅၀	၂၆၀	၂၉၈	၉၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ နမ့်ပေါင်ကျေးရွာတွင် လယ်ပိုင်ဆိုင်မှုများပြီး တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ပြောင်းချေစက်နှင့် အခြားကိုယ်ပိုင်စီးပွားရေးရှိသောသူများ ကို အဆင်ပြေသော အိမ်ထောင်စု သတ်မှတ်ပါသည်။ လယ်၊ ယာအနည်းငယ်နှင့်တစ်ထပ်တိုက်၊ ရိုးရိုး ဆိုင်ကယ်၊ စက်ဘီးပိုင်ဆိုင်သော သူများကို အလယ်အလတ် သတ်မှတ်ပါသည်။ ကိုယ်ပိုင် မရှိသော လယ်၊ ယာ တစ်နေ့လုပ်တစ်နေ့စား၊ ပျဉ်ထောင်အိမ်နှင့်နေပြီး ပန်းရံ၊ ကျပန်း လုပ်သောသူကို မပြေလည်သော အိမ်ထောင်စု သတ်မှတ်ပါသည်။ မြေယာ၊ လယ်ယာမရှိ၊ ဝါးအိမ်နှင့်နေ မုဆိုးမ၊ တစ်ခုလပ် အိမ်ထောင်ဦးစီးသည် မျက်မမြင်၊ ဆွံ့အသော သားသမီးများရှိခြင်း၊ တစ်ကောင်ကြွက်၊ ကျွေးမွေးသူမရှိ၊ တစ်ယောက်တည်းရှာစားသူများကို အလွန်မပြေလည်သည်ဟု ယူဆသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
ဖေလ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	ဝ	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၅	၇	၁၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၈		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	ဝ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄)နှစ်အထက် ကျား(၅)ဦးနှင့် မ(၇)ဦး ရှိပါသည်။ ရပ်ဝေးမှ သမီးဖြစ်သူ၏ မြေးများက စောင့်ရှောက်ထောက်ပံ့ ပေးပါသည်။ အနီးကပ်ရပ်ရွာမှ အိမ်နီးနားချင်းများသော်လည်းကောင်း၊ ဆွေမျိုးများသော်လည်းကောင်း ပြုစုစောင့်ရှောက်လေ့ရှိပါသည်။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၈)စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို အိမ်ထောင်စု(၅)စု ရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ် □နိမ့်□မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □လတ် □နိမ့်□မရှိ ☑
၃	ရေကြီးခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၆	မုန်တိုင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ငလျင်	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မီးဘေး	မြင့် □လတ် □နိမ့်□မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့်□မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑လတ် ☐နိမ့်☐မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စားနပ်ရိက္ခာ ဖူလုံမှုရှိပါသည်။ သဘာဝအရင်းအမြစ် ရှားပါးမှု မရှိပါ။ သဘာဝ ထိခိုက်လွယ်သော ရေကြီးခြင်း၊ မိုးခေါင်ခြင်း မရှိပါ။ တိရစ္ဆာန်ကူးစက်ကျရောက်မှု အနည်းငယ် ရှိပါသည်။ သစ်တောပြုန်းတီးခြင်းများ ရှိပါသည်။ သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင် များ စိုက်ပျိုးခြင်း မရှိပါ။ ဥပမာအားဖြင့် ကာကွယ်ထိန်းသိမ်းမှု၊ ပညာပေးမှု အားနည်းကြောင်း တွေ့ရှိ ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☑လတ် ☐နိမ့်☐မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ □
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် ☑နိမ့်□မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် ☑နိမ့်□မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူ (၉၁)အိမ်ခန့် ရှိပြီး ကူးစက်ရောဂါ ကြီးကြီးမားမား မတွေ့ရှိရပါ။ လက်လုပ်လုက်စား အိမ်ထောင်စု အနည်းငယ် ခန့်ရှိသည်။ လူမျိုးအများမှာ ရှမ်းလူမျိုးဖြစ်ပြီး အနည်းစုမှာ ကိုးကန့်၊ ကချင်လူမျိုးများ ဖြစ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁□ ၂☑ ၃□	၅	၂	၇	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း □ သင့် ☑ ညံ့ □
၂	ရပ်မိရပ်ဖ အဖွဲ့	၁□ ၂☑ ၃□	၇	၅	၁၂	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □
၃	ပရဟိတအဖွဲ့	၁□ ၂☑ ၃□	၅	၄	၉	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □
၄	လူငယ် ခေါင်းဆောင် အဖွဲ့	၁□ ၂☑ ၃□	၅	၅	၁၀	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □
၅	ပညာရေး အဖွဲ့	၁□ ၂☑ ၃□	၅	၂	၇	ပညာရေး☑ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
			ကျား	မ	ပေါင်း		
၆	လုံခြုံရေးအဖွဲ့	၁☐ ၂☑ ၃☐	၇		၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ဂေါပကအဖွဲ့	၁☐ ၂☑ ၃☐	၅		၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၈	ပြည်သူ့စစ်အဖွဲ့	၁☐ ၂☑ ၃☐	၁၀		၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတအဖွဲ့၊ လူငယ်ခေါင်းဆောင်အဖွဲ့၊ ပညာရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

